ကာကွယ်ရေးဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ကာကွယ်ရေးဝန်ကြီးဌာန

# စစ်ရေးသတင်း

## အကျဉ်းချုပ်

**24.4.2022**

ကာကွယ်ရေးဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# စစ်ရေးသတင်း အကျဉ်းချုပ်

| စစ်ကောင်စီတပ်သားကျဆုံး | စစ်ကောင်စီတပ်သားဒဏ်ရာရ |
|---|---|
| (၆၉)ဦး | (၁၃)ဦး |

## စစ်ကောင်စီနှင့်တိုက်ပွဲဖြစ်ပွားမှု

### ကရင်ပြည်နယ်

- ၂၀၂၂ ခုနှစ်၊ ဧပြီလ (၂၄)ရက်နေ့၊ ကရင်ပြည်နယ်၊ ကြာအင်းဆိပ်ကြီးမြို့နယ်၊ တံခွန်တိုင်ကျေးရွာ၌ စကစ တပ်ဖွဲ့ဝင်များတပ်စွဲထားသည့် ရဲစခန်းအနီးတွင် စကစတပ်နှင့် KNLA ပူးပေါင်းတပ်ဖွဲ့တို့ တိုက်ပွဲဖြစ်ပွားခဲ့ပြီး စကစဘက်မှ တပ်သား ၁ ဦး သေဆုံးခဲ့ကာ ရဲစခန်းအတွင်းမှ ရမ်းသမ်းပစ်ခတ်မှုကြောင့် တံခွန်တိုင် ကျေးရွာနေ ပြည်သူ (အမျိုးသမီး) ၁ ဦး လက်နက်ကြီးထိမှန်၍ သေဆုံးခဲ့ပြီး ပြည်သူ ၂ ဦးဒဏ်ရာရခဲ့သည်။

### ချင်းပြည်နယ်

- ၂၀၂၂ ခုနှစ်၊ ဧပြီလ (၂၃)ရက်နေ့၊ ချင်းပြည်နယ်၊ ဟားခါးမြို့နယ်၊ လုံကျေးရွာ (Lungcawi) နှင့် လမ်သုတ်ကျေးရွာ ကြားတွင် ဂန့်ဂေါမှတက်လာသည့် စကစ တပ်အင်အား (၄၀၀) ခန့်နှင့် CAN၊ CDF-Hakha တို့ ထိတွေ့တိုက်ပွဲဖြစ်ပွားခဲ့ပြီး စကစတပ်သား (၂၀) ဦးသေဆုံးခဲ့ကြောင်း သိရသည်။

### စစ်ကိုင်းတိုင်း

- ၂၀၂၂ ခုနှစ်၊ ဧပြီလ (၂၄)ရက်နေ့၊ စစ်ကိုင်းတိုင်း၊ ကလေးမြို့နယ်၊ နတ်ချောင်းကျေးရွာအနီး ဝါးဘုတ်ကြီးချောင်း ၌ ထောက်ကြံ့ကျေးရွာမှ စကစ တပ်သား (၇၀) ခန့်နှင့် ကလေးမြို့နယ် ပကဖ တပ်ရင်းများနှင့် CNDF ပူးပေါင်းတပ်ဖွဲ့တို့မှ စနိုက်ပါဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့ခြင်း၊ မိုင်းဆွဲတိုက်ခိုက်ခဲ့ခြင်းကြောင့် စကစ တပ်သား (၅) ဦးသေဆုံးခဲ့သည်။

ကာကွယ်ရေးဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

- ၂၀၂၂ ခုနှစ်၊ ဧပြီလ (၂၃)ရက်နေ့၊ စစ်ကိုင်းတိုင်း၊ မင်းကင်းမြို့နယ်၊ ပန်းဆက်ကျေးရွာရှိ စကစ တပ်သားများကို ဒေသခံကာကွယ်ရေးတပ်ဖွဲ့များမှ လက်လုပ်လက်နက်ကြီးများဖြင့်ပစ်ခတ်ခဲ့ပြီး စကစဘက်မှ ပြန်လည် ပစ်ခတ်ခဲ့ကာ နှစ်ဘက်ထိတွေ့တိုက်ပွဲ၌ ထိခိုက်မှုကို မသိရှိရသေးကြောင်း သိရသည်။

- ၂၀၂၂ ခုနှစ်၊ ဧပြီလ (၂၃)ရက်နေ့၊ စစ်ကိုင်းတိုင်း၊ ချောင်းဦးမြို့နယ်၊ ကင်းမွန်တော်ကျေးရွာသို့ လာသော ချောင်းဦးမြို့မှ စကစ တပ်သား အင်အား (၅၀) ခန့်အား CHUPDF မိုင်းတပ်စုမှ ချောင်းဦးမြို့အနီးတွင် မိုင်းဆွဲတိုက်ခိုက်ခဲ့ရာ စကစ တပ်သား (၂၇) ဦး သေဆုံးခဲ့ပြီး (၆) ဦး ဒဏ်ရာရရှိခဲ့ပြီး စကစ တပ်သားများသည် ချောင်းဦးမြို့သို့ ပြန်လည်ဆုတ်ခွာထွက်ပြေးသွားခဲ့သည်။

## <u>တနင်္သာရီတိုင်း</u>

- ၂၀၂၂ ခုနှစ်၊ ဧပြီလ (၂၃)ရက်နေ့၊ တနင်္သာရီတိုင်း၊ ဘုတ်ပြင်းမြို့နယ်၊ လေညာရွာအနီးတွင် စကစတပ်များနှင့် ပြည်သူ့ကာကွယ်ရေးတပ်များ တိုက်ပွဲဖြစ်ပွားခဲ့ပြီး စကစဘက်မှ ထိခိုက်သေဆုံးသူရှိခဲ့ပြီး ပစ်ခတ်တိုက်ခိုက်မှုကြောင့် စစ်ဘက်ရေးရာလုံခြုံရေးတပ်ဖွဲ့မှ အဖွဲ့ဝင် ၁ ဦး သေဆုံးခဲ့ကာ ဒုရဲအုပ် ၁ ဦးဒဏ်ရာရခဲ့ကြောင်း သိရသည်။

- ၂၀၂၂ ခုနှစ်၊ ဧပြီလ (၂၄)ရက်နေ့၊ တနင်္သာရီတိုင်း၊ ထားဝယ်မြို့နယ်၊ ထားဝယ်-ထီးခီးလမ်းပေါ်ရှိ ပကာရီရဲစခန်းကို ပြည်သူ့ကာကွယ်ရေးတပ်မတော်(PDF) များက ဝင်ရောက်စီးနင်းခဲ့ပြီး မီးရှို့ဖျက်ဆီးခဲ့သည်။ ထိုစခန်းအနီးသို့ စကစမှ အင်အားအလုံးအရင်းဖြင့် လာရောက်နေကြပြီး အချိန်မရွေး တိုက်ပွဲဖြစ်ပွားနိုင်ကြောင်း သိရသည်။

## <u>ပဲခူးတိုင်း</u>

- ၂၀၂၂ ခုနှစ်၊ ဧပြီလ (၂၃)ရက်နေ့၊ ပဲခူးတိုင်း၊ နတ်တလင်းမြို့နယ်၊ သာယာဝတီခရိုင် PDF စိုးမိုးနယ်မြေဖြစ်သည့်ငွေ့ကြီးရွာနှင့် ကျောက်ပြုတ်ရွာကြားသို့ စကစတပ်သားအင်အား ၃၀ ဦးခန့် ဝင်ရောက်လာခဲ့သဖြင့် သာယာဝတီခရိုင် PDF တပ်ရင်း ၃၈၀၁ တပ်ခွဲ ၃ MRF အဖွဲ့မှ မိုင်းဆွဲတိုက်ခိုက်ခဲ့ရာ စကစတပ်သား ၅ ဦးသေဆုံး၍ ၂ ဦးဒဏ်ရာရရှိခဲ့သည်။

ကာကွယ်ရေးဝန်ကြီးဌာန
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**မွန်ပြည်နယ်**

- ၂၀၂၂ ခုနှစ်၊ ဧပြီလ (၂၃) ရက်နေ့ မွန်ပြည်နယ်၊ ဘီးလင်းမြို့နယ်၊ လေးကေကျေးရွာရှိ ကရင်အမျိုးသား အစည်းအရုံး KNU တပ်မဟာ ၁ အုပ်ချုပ်နယ်မြေအတွင်း စကစတပ်ဖွဲ့ဝင်များနှင့် ၎င်းလက် အောက်ခံ BGF များတပ်စွဲထားသည့်စခန်းကို ကရင်အမျိုးသားလွတ်မြောက်ရေးတပ်မတော် KNLA တပ်မဟာ ၁ တပ်ရင်းတပ်ဖွဲ့များ၊ KNDO တပ်ဖွဲ့များနှင့် PDF ပူးပေါင်းတပ်ဖွဲ့များမှဝင်ရောက် တိုက်ခိုက်၍ တိုက်ပွဲပြင်းထန်လျက်ရှိကြောင်း သိရသည်။

**မကွေးတိုင်း**

- ၂၀၂၂ ခုနှစ်၊ ဧပြီလ (၂၂)ရက်နေ့၊ မကွေးတိုင်း၊ ဂန့်ဂေါမြို့နယ် ကန်စွန်းထောင့်လမ်းခွဲ၌ စစ်ကြောင်းထွက်လာသည့် စကစတပ်သား ၅၀ ကျော်ကို PDF - ထီးလင်း တပ်ဖွဲ့ဝင်များက လမ်းကြောင်းမှစောင့်၍ တိုက်မိုင်း၊ နင်းမိုင်းများဖြင့် တိုက်ခိုက်ခဲ့မှုကြောင့် စကစတပ်သား ၅ ဦး သေဆုံးခဲ့ပြီး အများအပြားဒဏ်ရာ ရရှိခဲ့သည်။

- ၂၀၂၂ ခုနှစ်၊ ဧပြီလ (၂၃)ရက်နေ့၊ မကွေးတိုင်း၊ ပေါက်မြို့နယ်၊ ဇီးပြားရွာဘက်တွင် စစ်ကြောင်းထိုးလာသည့် စကစ တပ်သား ၇၀ ကျော်ကို ညောင်ရင်းရွာအနီးတွင် မြိုင်မြို့နယ် ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့နှင့် မဟာမိတ်အဖွဲ့တို့မှ စောင့်ကြိုတိုက်ခိုက်ခဲ့ရာ စကစ တပ်သား ၅ ဦးသေဆုံးခဲ့ပြီး PDF ရဲဘော်များ အထိခိုက်မရှိ ပြန်လည်ဆုတ်ခွာလာနိုင်ခဲ့ကာ ထိုတိုက်ခိုက်မှုတွင် မြိုင်မြို့နယ် ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့၊ ပခုက္ကူတော်လှန်ရေးတပ်ဦး (PRF)၊ Pakokku Generation-Z၊ ပြည်သူကာကွယ်ရေးတပ်ဖွဲ့-ပေါက်၊ ပေါက်တောင်ပိုင်း တိမ်လွှာအဖွဲ့နှင့် အခြားမဟာမိတ်တပ်ပေါင်းစုများ ပူးပေါင်းတိုက်ခိုက်ခဲ့ခြင်းဖြစ်သည်။

## စစ်ကောင်စီ၏ အကြမ်းဖက်မှုများ

**စစ်ကိုင်းတိုင်း**

- ၂၀၂၂ ခုနှစ်၊ ဧပြီလ (၂၃)ရက်နေ့၊ စစ်ကိုင်းတိုင်း၊ မင်းကင်းမြို့နယ်၊ ပန်းဆက်ကျေးရွာရှိ စကစ တပ်သားများသည် သံဘောက်ကျေးရွာ၊ လောင်းပြည့်ကျေးရွာများသို့ လက်နက်ကြီးများဖြင့် ပစ်ခတ်ခဲ့သည်။

ကာကွယ်ရေးဝန်ကြီးဌာန
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

- ၂၀၂၂ ခုနှစ်၊ ဧပြီလ (၂၄)ရက်နေ့၊ စစ်ကိုင်းတိုင်း၊ စစ်ကိုင်းမြို့နယ်၊ တောင်ကြားကျေးရွာရှိ လူနေအိမ်များကို စကစ တပ်သား ၊ ပျူစောထီးများက မီးရှို့ဖျက်ဆီးသွားခဲ့သည်။

- ၂၀၂၂ ခုနှစ်၊ ဧပြီလ (၂၃)ရက်နေ့၊ စစ်ကိုင်းတိုင်း၊ ရွှေဘိုမြို့နယ်၊ ကူတို့ဆိပ်ကျေးရွာ၌ နေအိမ် (၁) လုံးကို ပျူစောထီးအဖွဲ့ဝင်များက မီးရှို့ဖျက်ဆီးခဲ့ပြီး ဧပြီလ (၂၄)ရက်နေ့၊ နံနက်ပိုင်းတွင် မီးရှို့ဖျက်ဆီးခံရသော နေအိမ် ပိုင်ရှင်နှင့် မိသားစုဝင်များမှ ပစ္စည်းများရွှေ့ပြောင်းနေစဉ် ပျူစောထီး များက လာရောက်ပြီး အမျိုးသမီး (၂) ဦးနှင့်အမျိုးသား (၂) ဦးတို့အားဖမ်းဆီးသွားခဲ့သည်။

**<u>မွန်ပြည်နယ်</u>**

- ၂၀၂၂ ခုနှစ်၊ ဧပြီလ (၂၃)ရက်နေ့၊ မွန်ပြည်နယ်၊ ဘီးလင်းမြို့နယ်၊ စကစလက်အောက်ခံ ကတိုင်ဒီ (ကတဲတေ) BGF စခန်းမှ ပြည်သူများနေထိုင်ရာကျေးရွာများသို့ ၁၂၀ မမ လက်နက်ကြီးများနှင့် ရမ်းသမ်းပစ်ခတ်မှုကြောင့် ဒေါဇ်ကြီးကျေးရွာမှ အမျိုးသမီးငယ် ၁ ဦးနှင့် အဖွားအို ၁ ဦး ထိခိုက်ဒဏ်ရာရရှိခဲ့သည်။

**<u>မကွေးတိုင်း</u>**

- ၂၀၂၂ ခုနှစ်၊ ဧပြီလ (၂၃)ရက်နေ့၊ မကွေးတိုင်း၊ ပေါက်မြို့နယ်၊ ညောင်ရင်းကျေးရွာကို စကစတပ်မှ ဝင်ရောက် စီးနင်းခဲ့ပြီး ပြည်သူ ၂ ဦးကို အနီးကပ်ပစ်သတ်ခဲ့ကာ ပြည်သူ ၅ ဦးကို ဖမ်းဆီး ခေါ်ဆောင်သွားခဲ့ပြီး ပရဟိတကား ၁ စီး၊ အိမ်စီးကား ၁ စီးနှင့် ဆိုင်ကယ်များကိုလည်း ဖျက်ဆီးသွားခဲ့သည်။

**<u>ရန်ကုန်တိုင်း</u>**

- ၂၀၂၂ ခုနှစ်၊ ဧပြီလ (၂၃)ရက်နေ့၊ ရန်ကုန်တိုင်း၊ အင်းစိန်မြို့နယ်၊ အေးသိဒ္ဓိလမ်း ရွာမအရှေ့ရပ်ကွက် အမှတ် (၄၂) နေအိမ်မှ လူငယ်အမျိုးသား ၂ ဦးကို စကစမှဖမ်းဆီးသွားခဲ့သည်။

- ၂၀၂၂ ခုနှစ်၊ ဧပြီလ (၂၄)ရက်နေ့၊ ရန်ကုန်တိုင်း၊ လှိုင်သာယာမြို့နယ်၊ အောင်ဇေယျတံတားပေါ်တွင် စကစ အင်အား ၂၀ ကျော်ဖြင့် အဖွဲ့ ၃ ဖွဲ့ခွဲ၍ ဆိုင်ကယ်များနှင့်ကားများကို ဖမ်းဆီးစစ်ဆေးနေပြီး ဖမ်းဆီးထားသော ဆိုင်ကယ်များကိုလည်း သိမ်းဆည်းခဲ့ကြောင်း သိရသည်။

ကာကွယ်ရေးဝန်ကြီးဌာန
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

- ၂၀၂၂ ခုနှစ်၊ ဧပြီလ (၂၂)ရက်နေ့၊ ရန်ကုန်တိုင်း၊ စီးပွားရေးတက္ကသိုလ် (ရွာသာကြီးနယ်မြေ) ကျောင်းသား ကိုထက်ပိုင်စိုးအား စကစမှမတရားဖမ်းဆီးခဲ့ပြီး လက်ရှိတွင်မည်သည့်နေရာသို့ ခေါ်ဆောင်သွား သည်ကိုမသိရသေးကြောင်း သိရသည်။

**<u>ဧရာဝတီတိုင်း</u>**

- ၂၀၂၂ ခုနှစ်၊ ဧပြီလ (၂၃)ရက်နေ့၊ ဧရာဝတီတိုင်း၊ ငပုတောမြို့နယ် တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးသက်ပိုင်စိုး၏ ဇနီး နေထိုင်နေသည့် ကညင်ချောင်း ရွာတွင် ၎င်း၏ဇနီး မနန်းယုသိန်းနှင့် ၁၀ လအရွယ် သမီးငယ် မဆုမြတ်ပိုင်အပါအဝင် ၎င်းတို့ကို စောင့်ရှောက် ပေးထားသော ဦးလေးဖြစ်သူ ဦးတင်ဦးနှင့်သမီးဖြစ်သူ အသက် ၁၃ နှစ်အရွယ် မလုံးချစ်၊ အိမ်နီးချင်း ဖြစ်သူ ဦးကျော်စွာဝင်းနှင့် ဒေါ်အငယ်မတို့ကို စကစများမှ လာရောက်ဖမ်းဆီး ခေါ်ဆောင်သွား ကြောင်း သိရသည်။